

# တလခုံ
# ဗုဒ္ဓဘာသာဂိုဏ်း

မောင်မဲ

ယိုးဒယားပြည်နှင့်မြန်မာပြည်ကို ပိုင်းခြားထားသော ဒေါနတောင်တန်း၏ အရှေ့ဘက် ယိုဒယားနယ်အနီးတွင် "ထီးမော်"ဟုခေါ် သော ပိုးကရင်တို့၏ ရွာကြီးတစ်ရွာရှိသည်။ မြန်မာတို့က "ကျောက်ခေါင်း"ဟု ခေါ် သောဒေသပင် ဖြစ်သည်။

ရွာမှာ အိမ်ခြေ ၈၀–ခန့်သာရှိသော်လည်း သမိုင်းကြောင်းကား ရှည်လျားလှ၏။

## ရသေ့ကြီးဦးစောယော်

ရှေးက ဦးစောယော်အမည်ရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦးသည် ထေရဝါဒဗုဒ္ဓဘာသာကို အခြေခံ၍ ဒေသနှင့်လိုက်ဖက်ညီအောင် ဘာသာရေးဂိုဏ်းတစ်ဂိုဏ်းကို ထီးမော်၌ တည်ထောင်ခဲ့လေသည်။ ထိုဂိုဏ်းမှာ 'တလခုံဗုဒ္ဓဘာသာဂိုဏ်း'ဖြစ်၍ အများက'ရသေ့ဂိုဏ်း'ဟုခေါ်ကြသည်။ ရသေ့ဂိုဏ်းဟုခေါ်ကြခြင်းမှာ ဂိုဏ်းဝင်များသည် အိမ်ထောင်သားမွေးကြသောသူများပင် ဖြစ်သော်လည်း လူ့ဘောင်ကိုစွန့်၍ တောထွက်ကာ တရားရှာမှီးနေကြသည့်ဆံကျစ်ရသေ့ကြီးများနှင့်မခြားအလားတူကျင့်ကြံနေထိုင်ကြသောကြောင့် ဖြစ်သည်။

'သူ့အသက်ကို သတ်၍ ယဇ်မပူဇော်ရ၊ ဖြူနီကြောင်ကျားအဝတ်ကို မဝတ်ရ၊ ပိတ်ဖြူကိုသာ ဝတ်ကြရမည်၊ ကြက်၊ ဝက်၊ သိုး၊ ဆိတ် မမွေးရ။ ၎င်းတို့အသားကို မစားရ၊ သေအရက် မချက်ရ၊ မသောက်ရ၊ လောင်းကစားခြင်း မပြုရ၊ငါးပါးသီလ စောင့်ထိန်းရမည်'

ဤသည်တို့မှာ မူလဂိုဏ်းဝင်များ၏ ကျင့်ဝတ်ဖြစ်သည်။ ထိုကျင့်စဉ်ကို ချပေးသော ဦးစောယော်သည် ဂိုဏ်း၏ဦးစီးဆရာကြီး ဖြစ်လာလေသည်။

## တလခုံ ဝံဝေ့

'တလခုံ'ကို ဤသို့ ပုဒ်ခွဲသည်။ ပိုးကရင်စကား'တလ'၏ အဓိပ္ပါယ်မှာ ပိုင်သူအရှင်သခင် ဖြစ်သည်။ 'ခုံ'မှာ ဂုဏပါဠိပျက် 'ဂုဏ်'ဖြစ်သည်။ ဂုဏ်အပေါင်းပိုင်ရှင်၊ ဂုဏ်ကြီးရှင်၊ ကျေးဇူးရှင် ဟုလည်း ဖွင့်ဆိုနိုင်သည်။

ထိုဂိုဏ်းမှာ လူကြိုက်များပြီး ဒေါနတောင်တခိုင်၌ အလွန်ကြီးပွားလာလေသည်။ ဦးစော

E-book is created by www.shanyoma.org

ယော် ကွယ်လွန်သောအခါ ဒုတိယခေါင်းဆောင်ဖြစ်သူ တလခုံဝံဝေ့က ဂိုဏ်းကို ဆက်ခံလေသည်။ ထိုပုဂ္ဂိုလ်၏ လက်ထက်၌ ဂိုဏ်းအတွင်း ပညတ်ချက်လေးချက်ထပ်၍ ဖြည့်သည်။ ၎င်းတို့မှာ…

၁။ ယောကျ်ားများသည် သျှောင်(ရောင်)ထုံးလျှင် ရောင်ကို ရှေ့တည့်တည့် နဖူးသို့ငိုက်စိုက် ထုံးရသည်။

၂။ ဘီးကို ရောင်၏ အနောက်မှ စိုက်ရမည်။

၃။ ရင်ကွဲလည်စေ့ အင်္ကျီဖြူကိုသာ ဝတ်ရမည်။

၄။ ဂွင်းမချုပ်သော ပိတ်ဖြူပုဆိုးကို ဆီးရမည်။

ဟူ၍ ဖြစ်သည်။

E-book is created by www.shanyoma.org



ကျုံးဒိုရသေ့ကျောင်းအတွင်းရှိ နတ်အယူဝါဒကိုးကွယ်မှုကို

စွန့်လွှတ်သောအထိမ်းအမှတ်ဖြင့် တည်ထားသောစေတီတော်များ

**ဦးရွှေလဲ့ကယ်**

တလခုံဝံဝေ့ လွန်သောအခါ ရသေ့ကြီးဦးရွှေလဲ့ကယ်က ဂိုဏ်းကြီးကို ဦးစီးရလေသည်။ ဦးရွှေလဲ့ကယ်ခေတ်တွင် 'ထမောက်' အဌမုခ်ပူဇော်ပွဲများ စတင်လုပ်လာသည်။ လူတွေက အလွန်သဘောကျသည်။ ကွင်းပြင်တွင် မဏ္ဍပ်ထိုး၍ ရှာနှင့်ချီကာ ရက်သတ်မှတ်ပြီးလုပ်ကြသည်မှာ အလွန်အောင်မြင်၍ ယနေ့အထိ ခိုင်မြဲနေသည်။

**ထမောက်ပူဇော်ပွဲ**

'ထမောက်ပူဇော်ပွဲ၊ ထမောက်ကျွေးပွဲ' ဆိုသည်မှာ လောကီအကျိုးကို ရည်ရွယ်၍ လုပ်ခြင်းဖြစ်ရာ လုပ်ရာကိုင်ရာ၌ စည်းစနစ်ကြီးပေသည်။

မဏ္ဍပ်ကြီးအတွင်း ထမောက်ပူဇော်မည့်စင်ပေါ်၌ ဘဒ္ဒကမ္ဘာတွင် ပွင့်ပြီး ပွင့်ဆဲ ဘုရား

ငါးဆူအတွက် ၅–ပွဲတစ်နေရာ၊ ရဟန္တာ ၈–ပါးအတွက် ၈–ပွဲတစ်နေရာ၊ ရသေ့ ၉–ပါးအတွက် ၉–ပွဲတစ်နေရာ၊ ပိဋကတ် ၃–ပုံအတွက် ၃–ပွဲတစ်နေရာ၊ စတုလောကပါလနတ်မင်းကြီး ၄–ပါး အတွက် ၄–ပွဲတစ်နေရာ၊ နေလ ၂–ပါးအတွက် ၂–ပွဲတစ်နေရာ၊ အာဋ္ဌာဝကဘီလူး ၁–ယောက် အတွက် ၁–ပွဲတစ်နေရာ၊ နဂါး ၇–ကောင်အတွက် ၇–ပွဲတစ်နေရာ၊ ဝဿဝရော ၆–ယောက်အ တွက် ၆–ပွဲတစ်နေရာ၊ ပေါင်း ၄၅–နေရာထား၍ ၄၅–ပွဲ ပူဇော်မြဲဖြစ်သည်။



ဖရသုဏ်ပန်ခရန်သုဝဏ္ဏဘုမ်ယိုးဒယားမင်းပေး ဘွဲ့ရဒုတိယမြောက်ထီးမော်နယ်ရှင်



ဖရသုဏ်လွန်ပြီးနောက် ထိုဘွဲ့ကို ဆက်ခံရသောသမီးဖြစ်သူ နောင်ဂုဏ်ပြိုင် တတိယမြောက်ထီးမော်နယ်ရှင်

ထမောက်ပူဇော်ပုံအညွှန်းတွင်–

၁။ ဘုန်းသမ္ဘာနှင့်တေဇာတန်ခိုး ပြည့်ဖြိုးလိုပါက ရဟန္တာ ၈–ပါးကို ပထမစ၍ ပူဇော်ရမည်။
၂။ စုန်းတိုက်နတ်တိုက် ဖုတ်တစ္ဆေဖမ်းအမှောင့်ပယောဂအစွဲအလမ်းပျောက်စေလိုက အာဋ္ဌာဝက ဘီလူးက ပထမစ၍ ပူဇော်ရမည်။
၃။ အနာရောဂါကပ်ငြိ၊ ဘေးဥပါဒ်ရောက်၍ အဝေးမှ မကောင်းသတင်းကို ကွယ်ကာလိုလျှင် ဝ ဿဝရော ၆–ယောက်ကို ပထမစ၍ ပူဇော်ရမည်။
၄။ စစ်တက် စစ်ဆင် အပြိုင်အဆိုင် အနိုင်ယူလိုက နဂါး ၇–ကောင်ကို ပထမစ၍ ပူဇော်ရမည်။
၅။ မင်းစိုးရာဇာကိစ္စ၊ ငွေရေးကြေးရေး၊ ချေးလိုငှားလို ပြန်ရလိုလျှင် နေလ ၂–ပါးကို ပထမစ၍ ပူဇော်ရမည်။
၆။ အမှုအခင်း ရုံးပြင်ကနားတရားတဘောင် ပြောရေးဆိုတာရှိက ရသေ့ ၉–ပါးကို ပထမစ၍ ပူဇော်ရမည်။
၇။ ကူးသန်းရောင်းဝယ်ရေး လာဘ်လာဘ ပေါမျှားရေး၊ ဈေးရောင်းဈေးခေါ် ကောင်းလိုလျှင် ပိဋကတ် ၃–ပုံကို ပထမစ၍ ပူဇော်ရမည်။
၈။ မြေယာ၊ အိမ်ရာ၊ ဥယျာဉ်ခြံမြေ ကြမ်းသော် စတုလောကပါလနတ်မင်းကြီးလေးပါးကို ပထမ

E-book is created by www.shanyoma.org

စ၍ ပူဇော်ရမည်။

ဤကဲ့သို့ မိမိဆန္ဒရှိရာမှစ၍ မပူဇော်ခင် အစဦးစွာ ဘုရားငါးဆူကို ပူဇော်ထားပြီးဖြစ်ရမည်ဟု ညွှန်းဆိုပေသည်။

**ထမောက်ဆွမ်း**

သို့ပူဇော်ရာတွင်သာမက ထမောက်ဆွမ်းချက်ရာ၌လည်း စနစ်နှင့်လုပ်ကိုင်ကြရသည်။

ဆွမ်းချက်မည့်နေရာပတ်လည်ကို ရာဇမတ်ကာ၍ ထားရမည်၊ ဆွမ်းဆန်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ဆွမ်း ၃–အိုး ချက်ရမည်။ ၃–အိုးထက် ပိုလိုက အကန့်အသတ်မရှိ ပိုနိုင်သည်။

သရော်ခါးပင်ကို ခုတ်၍ ငုတ်ရိုက်ရိုက်ကာ ဖိုခနောက် လုပ်ရမည်။ ဖိုခနောက်ကို ကျောက်တုံး၊ ကျောက်ခဲတို့ဖြင့် မလုပ်ရ၊ ထင်းကို ဆီးသား၊ သရော်ခါးသားမှတပါး အခြားအသားများ မသုံးရ၊ ထင်းမီးထိုးသောအခါ သစ်သား၏ အရင်းအဖျားကို မှတ်သား၍အဖျားဘက်မှ ထိုးရမည်။ ယောက်မကို ဆီးသားဖြင့် လုပ်ရမည်။

ဆွမ်းချက်သူမှာ ဝတ်ဖြူစင်ကြယ်နှင့်သူတော်ကလေးများ သို့မဟုတ် အရွယ်မရောက်သေးသောမိန်းကလေးများသာ ဖြစ်ရမည်။ ဆွမ်းချက်နေစဉ် ကာထားသောရာဇမတ်အတွင်းသို့ အရွယ်ရောက်ပြီးသောအမျိုးသမီး မဝင်ရဟူ၍ဖြစ်သည်။

ဦးရွှေလဲ့ကယ်သည် ခရစ် ၁၈၂၁–တွင် ထီးမော်၌ပင် လွန်သည်ဟု အမှတ်အသားတွေ့ရသည်။

**နဂါးမောက်ရသေ့**

ဦးရွှေလဲ့ကယ် ကွယ်လွန်သောအခါ တပည့်ကြီးနဂါးမောက်ရသေ့က ဂိုဏ်းကို ဦးစီးလေသည်။

ထိုအချိန်တွင် တနင်္သာရီတိုင်းကို အင်္ဂလိပ်များ သိမ်းလိုက်ပြီးဖြစ်ရာ အင်္ဂလိပ်စစ်သားများသည် သူတို့၏သြဇာမခံသော ဒေါနတောင်ခြေမှ ကရင်ရွာများကို မီးရှို့ဖျက်ဆီးကြလေသည်။ ဤနေရာ၌ တလခုံတို့၏ လိုအပ်ချက်မှာ သေနတ် မီးမကူးရေး၊ သိဒ္ဓိ အမျိုးမျိုးပြီးသည့်အဆောင်များ၊ လက်ဖွဲ့များ၊ ဂါထာမန္တန်များဖြင့် မိမိတို့ကိုယ်ကို ကာကွယ်နိုင်ရေး ဖြစ်လေသည်။

သို့ဖြင့် တာဝန်ရှိသော နဂါးမောက်ရသေ့သည် လောကီလုပ်ငန်းများကို လုပ်လာရလေသည်။ တလခုံဂိုဏ်းဝင်အချင်းချင်းလည်း ပို၍စည်းလုံးကာ ၎င်းတို့သည် ကရင်အမျိုးသား ထေရဝါဒ အခြေခံထားသော တလခုံဘာသာရေးအဖွဲ့၏ ဂိုဏ်းဝင်များဖြစ်သည်ဟုပင် မယူဆကြတော့ဘဲ မိမိတို့သည် သီးခြားဘာသာနှင့်သီးခြားလူမျိုးဖြစ်သည်။ စွမ်းရည်သတ္တိနှင့်ပြည့်ဝသော ရသေ့လူမျိုးဖြစ်သည်။ မိမိတို့ထက် ကြီးမြတ်သူမရှိသော တလခုံလူမျိုးဖြစ်သည်ဟု ယူဆလာကြသည်

E-book is created by www.shanyoma.org

အထိ တက်ကြွခဲ့ကြလေသည်။ ခရစ် ၁၈၄၀–တွင် နဂါးမောက်ရသေ့သည် ထီးမော်၌ပင် ကွယ်လွန်သည်။

**ဖူးသောကြာ(ဦးသစ္စာ)**

နဂါးမောက်ရသေ့ကြီးလွန်သော် တပည့်ကြီးဖူးသောကြာ(ဦးသစ္စာ)က ဂိုဏ်းချုပ်အရာကို ဆက်ခံလေသည်။

ဖူးသောကြာလက်ထက်တွင် အဆောင်များ၊ ဂါထာမန္တန်များအစရှိသော လောကီလုပ်ရပ်များကို ဖြုတ်ပစ်လိုက်သည်။ ထမောက်ပူဇော်ပွဲအသွင်နှင့်ရည်ရွယ်ချက်ကိုလည်း ပြောင်းလဲပစ်လိုက်သည်။ နတ်ကိုးကွယ်သူများကို နတ်ချွတ်ပွဲများ ပြုလုပ်၍ သမ္မာဒိဋ္ဌိဖြစ်လာစေသည်။ ဂိုဏ်းဝင်တို့သည် ရတနာသုံးပါးနှင့်နီးကပ်ကျွမ်းဝင်လာပြန်သည်။

ထမောက်ကျွေးပွဲအစား ရတနာသုံးပါးကို ဦးထိပ်ထား၍ ဂြိုဟ်ကြီးရှစ်လုံးနှင့်စတုလောကပါလနတ်ကြီးလေးပါးပူဇော်ပွဲများ အစားထိုး၍လုပ်သည်။(ဘုရားကိုးဆူပူဇော်ပွဲဆန်ဆန်ဖြစ်သည်။)

သူသည် ထီးမော်တွင် ဌာနချုပ်ထား၍ တနေရာတည်းမှ ဂိုဏ်းကြီးကို ကြိုးကိုင်မထားဘဲ အစဉ်လိုလိုခရီးထွက်နေပြီး ရောက်ရာရွာတိုင်း၌ ဂိုဏ်းလုံးဆိုင်ရာ ကော်မတီများ ဖွဲ့စည်းသည်။ ဤနည်းဖြင့် တလခုံဗုဒ္ဓဘာသာသည် ထွန်းတောက်လာပြန်လေသည်။

**ကျင့်ဝတ်များ**

ဖူးသောကြာ(ဦးသစ္စာ)သည် ရောက်ရာရွာတိုင်း၌ ဗုဒ္ဓသာသနာတော်အတွက် ကော်မတီများ ဖွဲ့စည်းသည်ဟုဆိုရာ ထိုကော်မတီများအကြောင်းကို သိချင်လာသည်။ ထို့ကြောင့် ထီးမော်ကို အုပ်ချုပ်ခဲ့သည့်ဖရသုဝဏ်၏ အနွယ်ဖြစ်သူ အသက် ၈၀–ကျော်နေပြီဖြစ်သော အိမ်ရှင်အဘိုးကျီးညိုကို…

"ဒီကော်မတီက ဘာတွေလုပ်ပါသလဲ"ဟုမေးရပါသည်။

ထိုသို့မေးသောအခါ အဘိုးကျီးညိုသည် သူ့မြေးမကို ဖားစည်ထဲမှ ပုရပိုက်ကို ယူစေပြီး ကျွန်တော်တို့ကို လှမ်းပေးပါသည်။

ပုရပိုက်တွင် လက်ရေးစောင်းဖြင့် ရေးသားထားသည်မှာ…

၁။ ပဥ္စသီငါးပါးကို ဆောက်တည်သည့်ရသေ့ဗုဒ္ဓဘာသာဝင် ကရင်လူမျိုးငါတို့ဖြစ်သည်။

၂။ ရသေ့ဗုဒ္ဓဘာသာဝင် ကရင်လူမျိုးသည် ကြက်၊ ဝက်၊ ဘဲတို့ကို မမွေးမြူ၊ အရက်သေစာကို မသုံးစွဲ၊ အိမ်ပေါ် သို့ပင် အတင်မခံကြနှင့်။

၃။ လူလေ၊ လူပေါ့၊ လူပျက်၊ ရွာပျက်ဖြစ်စေမည့်လောင်းကစားမှုမျိုးကို ရှောင်ရမည်။

၄။ လောကီမျက်နှာတစ်ဘက်ထဲကိုသာ မကြည့်မူ၍ သံသရာခရီးရှည်ကြီးကို နိဗ္ဗာန်ရောက်သည့်တိုင်အောင် သွားရမည်ဖြစ်သောကြောင့် သံသရာမျက်နှာကိုသာ ကြည့်ပြီး တစ်ယောက်နှင့်တစ်ယောက် ညီအစ်ကိုအရင်းကဲ့သို့ သဘောထားလျက် နှုတ်အား၊ ကိုယ်အား၊ ပစ္စည်းအားဖြင့် နီးရာ

E-book is created by www.shanyoma.org

နီးရာအလျောက် ဝေးရာဝေးရာအလျောက် စွမ်းဆောင်နိုင်သလောက် စောင်မကြည့်ရှုရမည်။
၅။ လောကီလောကုတ်နှစ်ဘက်သော အရာဌာနမျိုးတို့ကို လမ်းညွှန်ပြတတ်၍ ရိုးသားဖြောင့်မတ်သောလူကြီး ၂-ယောက်ဖြစ်စေ၊ ၄-ယောက်ဖြစ်စေ၊ ၆-ယောက်ဖြစ်စေ ရွာမှ ရွေးကောက်ပြီးလျှင် အကြီးအမှူး(ကော်မတီ)အဖြစ် တင်မြှောက်ထားရမည်။
၆။ ထိုလူကြီး ၆-ယောက်တို့က အချင်းချင်းသဘောတူသော လူကြီး ၂-ယောက်ကို 'ဗူခို'အဖြစ် ၁-ယောက်၊ 'ကော်ခို'အဖြစ် ၁-ယောက် တင်မြှောက်ကြရမည်။ လောကုတ္တရာဘက်ဆိုင်ရာ နိဗ္ဗာန်ဆော်'ဗူခို'ဟုအမည်ဖြစ်ရမည်။ တစ်ယောက်ကို လောကီဘက်ဆိုင်ရာ 'ကော်ခို'ဟုအမည်ဖြစ်စေရမည်။
၇။ ဤလူကြီးမင်း ၄-ယောက်တို့သည် အကြံပေး၊ ဉာဏ်ပေး တိုင်ပင်ဘက်တာဝန်ခံလူကြီးများဖြစ်စေရမည်။ ၎င်းလူကြီး ၄-ယောက်သည် အလုံးစုံသောအမှုကိစ္စတို့ကို ဘုရားတရားတော်နှင့် လျော်ညီစွာ ငယ်သားတို့ကို နည်းပေးလမ်းညွှန် သြဝါဒအာဏာများ ပေးရမည်။
ဟုဖြစ်ပါသည်။

**နတ်ချွတ်ပွဲ**

ဖူးသောကြာ(ဦးသစ္စာ)က 'မိမိတို့အမျိုးသားများသည် မိရိုးဖလာနတ်ကိုးကွယ်မှု အစွဲအလမ်းကြီးလွန်းသည်။ မိရိုးဖလာနတ်ကို ပစ်ပယ်ထားပါက ဘေးဒုက္ခတစ်ခုခုကြုံရတော့မည်ဟု ယုံကြည်ကြသည်။ ထိုသို့အစွဲရှိနေသမျှ မိစ္ဆာဒိဋ္ဌိဖြစ်နေမည်။ သမ္မာဒိဋ္ဌိအဖြစ်သို့ ရောက်အောင် ကယ်တင်ရန်မှာ နတ်ချွတ်ပွဲများ ဖန်တီးပေးမှ တော်တော့မည်'ဟုသဘောပေါက်လာသည်။ သူသည် နတ်ချွတ်ပွဲများကို တီထွင်လိုက်သည်။

သမ္မာဒိဋ္ဌိဖြစ်အောင် ရိုးရာနတ်တို့ကို စွန့်လွှတ်လိုသော သူသည် ကျောက်ခဲတစ်လုံးကို သူ့ထံသို့ဖြစ်စေ၊ 'ဗူခို'ထံသို့ဖြစ်စေ ယူလာရမည်။ ထို့နောက် သူ့ရှေ့ သို့မဟုတ် 'ဗူခို'ရှေ့တွင် ထိုင်၍ "ငါသည် ဤကျောက်ခဲကို စွန့်ပစ်လိုက်သည်နှင့်အတူ ရိုးရာနတ်ကို စွန့်ပစ်လိုက်ပါပြီ၊ ဤသစ္စာစကားသည် ဤကျောက်ခဲမကျေမပျက်သကဲ့သို့ တည်ပါစေသတည်း"ဟု ဆိုကာ ကိုင်ထားသောကျောက်ခဲကို လွှတ်ပစ်လိုက်ရသည်။ ထို့နောက် ပုဆစ်တုပ်ပြီး ရတနာသုံးပါးကို အာရုံပြု၍...

"အဇ္ဇေတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

အဇ္ဇေတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

အဇ္ဇေတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ၊"

ဟုရွတ်ဆိုကာ မိမိသည် ရိုးရာနတ်နှင့်မဆိုင်တော့၊ ရတနာသုံးပါးကို ကိုးကွယ်သူဖြစ်ပြီဟု သိနားလည်ရမည်။ ဤကဲ့သို့ မိမိကိုယ်ကို သိနားလည်ပြီးမှ "ကျွန်ုပ်ကို ရိုးရာနတ်များ မဖမ်းစားနိုင်အောင် သာသနာတော်စောင့်သမ္မာဒေဝနတ်များက ကာကွယ်စောင့်ရှောက်ပါစေသတည်း"ဟု သမ္မာဒေဝသာသနာတော်စောင့်နတ်များကို တိုင်တည်ရမည်။

ဤနည်းဖြင့် ဖူးသောကြာသည် နတ်စားသူများအား သရဏဂုံတည်သူများအဖြစ်သို့

E-book is created by www.shanyoma.org

ရောက်စေပါသည်။

**ဖူးသောကြာ၏နိဂုံး**

တလခုံတို့သည် တောင်ပေါ်ဒေသများတွင်သာ မွေ့လျော်ပျော်ပိုက်ကြ၍ တောင်ယာခုတ်ခြင်း၊ လယ်လုပ်ခြင်းဖြင့် အေးငြိမ်းစွာ တသီးတသန့် နေထိုင်ကြသူများဖြစ်သည်။ မိမိတို့ကိုယ်ကိုလည်း သာမန်လူပုဂ္ဂိုလ်မျိုးဟု သဘောမထားကြဘဲ ရသေ့များသဖွယ် သဘောပိုက်ကြသည်။ ထို့ကြောင့် မိမိတို့၏ ဘာသာအယူဝါဒကိုပင် ရသေ့ဗုဒ္ဓဘာသာဟု သီးခြားအမည်ဖြင့် ခေါ်ဝေါ်နေကြခြင်းဖြစ်သည်။

ထိုကဲ့သို့ အမြင်မျိုး ပေါ်ပေါက်ရန်လည်း တလခုံတို့၏ ကျင့်ဝတ်များတွင် အမျိုးစောင့်ရေး၊ အိမ်ထောင်ရေးသန့်ရှင်းမှု၊ ပဥ္စသီထိန်းခြင်း၊ သက်သတ်လွတ်စားခြင်း၊ ဟင်းစားတိရစ္ဆာန်များ မမွေးခြင်းစသည့်အချက်များသည် မိမိတို့ကိုယ်ကို သီးခြားလူမျိုးအသွင်အဖြစ်သို့ အထင်ရောက်စေပေသည်။

ဖူးသောကြာသည် ဒါယကာဒါယိကာမများအား လူ့ကျင့်ဝတ်ကို အထူးသဖြင့် အလေးထား၍ ဩဝါဒပေးခဲ့ရာ တပည့်ဒါယကာများကလည်း ဆရာရသေ့၏ ဆုံးမသွန်သင်ချက်အတိုင်း လေးစားစွာ လိုက်နာလျက် ရှိကြပါသည်။

ဤသည်တို့မှာ ကျွန်တော်တို့ ထီးမော်ရွာသို့ ရောက်စဉ်က သိရှိနားလည်လာခဲ့သော တလခုံဂိုဏ်းကြီး၏ ဆရာစဉ်နှင့်ထိုဆရာရသေ့ကြီးများ၏ ဆောင်ရွက်ချက်အချို့ဖြစ်ပါသည်။

တလခုံရသေ့ဗုဒ္ဓဘာသာဂိုဏ်းကြီးကို စတင်တည်ထောင်သည်မှ ၅–ဆက်မြောက်ဆရာရသေ့ဖြစ်သော ဂိုဏ်းချုပ်ကြီးဖူးသောကြာ(ဦးသစ္စာ)သည် ခရစ် ၁၈၇၃–ခုနှစ်တွင် မုတ္တမ၌ လွန်သည်ဟုလည်း မှတ်သားခဲ့ရပါသည်။

**ယနေ့အခြေ**

လွန်ခဲ့သော ၁၇–ရာစုလောက်က ထေရဝါဒဗုဒ္ဓသာသနာတော်ကို အလွန်ခေါင်လှသော ဒေါနတောင်တခို တောကြီးမျက်မည်း၌ မျိုးစေ့ချခဲ့သူများမှာ ထေရများ မဟုတ်ပါချေ။ ရသေ့ဆရာကြီးများသာ ဖြစ်ပါသည်။

ယနေ့ထိုမျိုးစေ့မှ ပေါက်ဖွားလာသောတလခုံဂိုဏ်းဝင်သူတော်စင်တို့သည် ကရင်ပြည်နယ် ဒေါနတောင်တန်းကြီး၏ အနောက်ဘက် ကော့ကရိတ်နယ်အဝန်း အထရံမြစ်ဖျားမှ ကြာအင်းဆိပ်ကြီးနယ်အဝန်းနှင့်သံလွင်မြစ်ဝှန်း တစ်လျှောက်တွင် ခိုင်မြဲစွာ အမြစ်တွယ်လျက် ရှိနေပေသည်။

မောင်မဲ

မှတ်ချက်။ ။၁၉၈၄–ခုနှစ်၊ ဒီဇင်ဘာလထုတ် ရတနာမွန်မဂ္ဂဇင်း စာမျက်နှာ(၂၈ မှ ၆၂ ထိ) ၌လာရှိသောဆောင်းပါးကို ပြန်စာစီရိုက်ထားပါသည်။



E-book is created by www.shanyoma.org